ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း .... .... .... | ၁၇၃ |
| ၂။ | အခန်း(၁) | |
| | အမည်နှင့်အဝိပ္ပာယ်ဖော်ပြချက် .... | ၁၇၅ |
| ၃။ | အခန်း(၂) | |
| | ရွေးချယ်တင်မြှောက်ပုံစနစ် .... | ၁၈၀ |
| ၄။ | အခန်း(၃) | |
| | လွှတ်တော်နှင့် ပြည်သူကောင်စီအဆင့်ဆင့်ဖွဲ့စည်းခြင်း .... .... .... | ၁၈၂ |
| ၅။ | အခန်း(၄) | |
| | မဲဆန္ဒနယ်များသတ်မှတ်ခြင်း .... | ၁၈၄ |
| ၆။ | အခန်း(၅) | |
| | ပြည်သူ့ကိုယ်စားလှယ်ဖြစ်ရန် အရည်အချင်းများ | ၁၈၈ |
| ၇။ | အခန်း (၆) | |
| | မဲစာရင်းပြုစုခြင်း .... | ၁၉၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | အခန်း (၇) | |
| | ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း .... .... | ၁၉၆ |
| ၉။ | အခန်း(၈) | |
| | ဆန္ဒမဲပေးခြင်း .... .... | ၁၉၈ |
| ၁၀။ | အခန်း (၉) | |
| | ဆန္ဒမဲ ရေတွက်ခြင်းနှင့် ရွေးချယ်တင်မြှောက်ပွဲ အထမြောက်ခြင်း .... .... | ၂၀၂ |
| ၁၁။ | အခန်း(၁၀) | |
| | ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများနှင့် ပြစ်ဒဏ်များ .... .... | ၂၀၆ |
| ၁၂။ | အခန်း(၁၁) | |
| | ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ တိုင်တန်းခြင်းနှင့်စစ်ဆေးခြင်း .... | ၂၁၂ |
| ၁၃။ | အခန်း(၁၂) | |
| | ဝန်ခံကြေညာချက်နှင့်ပြစ်ဒဏ်များ .... | ၂၁၈ |
| ၁၄။ | အခန်း(၁၃) | |
| | အထွေထွေ | ၂၁၉ |

# ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ

[၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ဂ။]

## နိဒါန်း

အခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက်လည်းကောင်း၊ ပြည်သူ့လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီတရပ်ရပ်ကို သက်တမ်းမကုန်ဆုံးမီ ဖျက်သိမ်းခဲ့လျှင် ရွေးချယ်တင်မြှောက်ပွဲများကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် ဖြစ်စေ၊ ပြည်သူ့ကောင်စီ အဆင့်တခုခုတွင်ဖြစ်စေ ပုံမှန်သက်တမ်းအတွင်း တစုံတရာသောအကြောင်းကြောင့် ပြည်သူ့ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် အစားထိုး ရွေးချယ် တင်မြှောက်နိုင်ရေးအတွက် လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုသည်၊

(ခ) ပြည်သူ့ကောင်စီအဆင့်ဆင့် ဆိုသည်မှာ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတို့ကို ဆိုသည်၊

(ဂ) လွှတ်တော် ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်ကိုဆိုသည်၊

(ဃ) ပြည်သူ့ကောင်စီဝင် ဆိုသည်မှာ ပြည်သူ့ကောင်စီ အဆင့် တခုခုသို့ ရွေးချယ် ဝင်မြှောက်ခြင်းခံရသော ပြည်သူ့ ကိုယ်စားလှယ်ကို ဆိုသည်၊

(င) ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော် ကိုယ်စားလှယ်နှင့် ပြည်သူ့ကောင်စီဝင်ကို ဆိုသည်၊

(စ) **တဆင့်မြင့်သော သက်ဆိုင်ရာအဖွဲ့အစည်း** ဆိုသည်မှာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲအတွက်ဖြစ်လျှင် မြို့နယ်ကော်မီရှင် အဖွဲ့ခွဲကိုလည်းကောင်း၊ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲအတွက် ဖြစ်လျှင် ပြည်နယ်နှင့် တိုင်းကော်မီရှင် အဖွဲ့ခွဲကိုလည်းကောင်း၊ ပြည်နယ်နှင့် တိုင်းကော်မီရှင် အဖွဲ့ခွဲအတွက်ဖြစ်လျှင် ကော်မီရှင်ကိုလည်းကောင်း ဆိုသည်၊

(ဆ) **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်များကို ဆိုသည်—

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာ သာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်၊ မယ်သီလ၊ ရသေ့နှင့် ရသေ့မ၊

**ရှင်းလင်းချက်။** ။သာသနာ့ဝန်ထမ်းဟု ဆိုရာတွင် သာသနာရေးဆိုင်ရာ ရဟန်း၊ သို့မဟုတ် သာသနာ့ဝန်ထမ်း အဖြစ် ခေတ္တ ခံယူထားသူများနှင့်လည်း ထိုသို့ ခံယူ ထားဆဲ ကာလ အဖို့ သက်ဆိုင်စေရမည်၊

(၂) ခရစ်ယာန်ဘာသာဝင်များ အတွက်ဖြစ်လျှင်ခရစ်ယာန် သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိက အားဖြင့် မိမိကိုယ်ကို ဆက်ကပ်ထားပြီး ပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန် အသင်းတော်ကြီးများ (Churches) က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော၊ သို့မဟုတ် တာဝန်ပေးထားခြင်းခံရသောပုဂ္ဂိုလ်များဖြစ်စေ၊ မိမိတို့ကိုးကွယ်ရာ ဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို မိမိဆန္ဒအလျောက်လက်ခံ၍ ဘာသာရေး စည်းမျဉ်း

ဖြင့်လည်းကောင်း၊ အမိဋ္ဌာန်ပြုချက်ဖြင့် လည်းကောင်း စည်းရုံးထားသော ပုဂ္ဂိုလ်တစုတွင် ဖြစ်စေ၊ အဖွဲ့အစည်းတွင်ဖြစ်စေ ပါဝင်သော ပုဂ္ဂိုလ်များ၊

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် စံယာစီ၊ မဟန့်၊ သို့မဟုတ် ဟိန္ဒူဘုန်းတော်ကြီးများ၊

(ဇ) **မဲစာရင်း** ဆိုသည်မှာ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်အတွက် သတ်မှတ်ထားသော မဲဆန္ဒနယ်များတွင်ရှိသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်းကိုဆိုသည်၊

(ဈ) **ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်** ဆိုသည်မှာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ ဖွဲ့စည်းရေးအတွက် သတ်မှတ်ထားသော ပြည်သူ့ကောင်စီဝင်အရေအတွက်အရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်တဦးကို ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသော နယ်မြေအပိုင်းအခြားကို ဆိုသည်၊

(ည) **မြို့နယ်ပြည်သူ့ကောင်စီမဲဆန္ဒနယ်** ဆိုသည်မှာ မြို့နယ်ပြည်သူ့ကောင်စီ ဖွဲ့စည်းရေးအတွက်သတ်မှတ်ထားသော ပြည်သူ့ကောင်စီဝင်အရေအတွက်အရ မြို့နယ်ပြည်သူ့ကောင်စီဝင်တဦးကို ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသော နယ်မြေအပိုင်းအခြားကို ဆိုသည်၊

(ဋ) **ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ မဲဆန္ဒနယ်** ဆိုသည်မှာ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ ဖွဲ့စည်းရေးအတွက် သတ်မှတ်ထားသော ပြည်နယ်နှင့်တိုင်းပြည်သူ့ကောင်စီဝင်အရေအတွက်အရ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်တဦးကို ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားသော နယ်မြေအပိုင်းအခြားကိုဆိုသည်၊

(ဌ) **လွှတ်တော်မဲဆန္ဒနယ်** ဆိုသည်မှာ မြို့နယ်တခုချင်းကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်တဦးကို ရွေးချယ်တင်မြှောက်ရန်သတ်မှတ်ထားသော နယ်မြေအပိုင်းအခြားကို ဆိုသည်၊

(ဍ) **ပါတီဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသောလူထုလူတန်းစားအဖွဲ့အစည်းများနှင့်ပြည်သူ့ကိုယ်စားလှယ်လောင်းအမည်စာရင်းလျာထားရေးအစည်းအဝေးများကို ကျင်းပခြင်း** ဆိုသည်မှာ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီက ပါတီဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်း၊ အလုပ်သမား အဖွဲ့အစည်းနှင့် လမ်းစဉ်လူငယ်အဖွဲ့တို့နှင့် ကျင်းပခြင်းကိုဆိုသည်၊

(ဎ) **ထောင်ဒဏ်ကျခံနေရသူများ** ဆိုသည်မှာ တရားစီရင်ရေးအဖွဲ့အဆင့်တခုခုက ထောင်ဒဏ်ကျခံရန်စီရင်ထားခြင်းခံရသူများနှင့်သက်ဆိုင်ရာတရားစီရင်ရေးအဖွဲ့၏ထောင်ဒဏ်စီရင်ချက်ကို မကျေနပ်၍ အယူခံဝင်ထားသောသူများလည်း ပါဝင်သည်၊

(ဏ) **မဲရုံအဖွဲ့** ဆိုသည်မှာ မဲဆန္ဒနယ်တခုအတွင်းရှိ မဲရုံတခု၌ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ စုပေါင်းတာဝန်ယူ ဆောင်ရွက်ရန် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲက တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်၊

(တ) **မဲရုံမှူး** ဆိုသည်မှာ မဲရုံအဖွဲ့ဘွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ကို ဆိုသည်၊

(ထ) **ပုံမှန်ရွေးချယ်တင်မြှောက်ပွဲ** ဆိုသည်မှာ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ပုံမှန်သက်တမ်းအတွက် ကျင်းပသောရွေးချယ်တင်မြှောက်ပွဲကိုဆိုသည်၊

(ဒ) ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲ ဆိုသည်မှာ လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်အတွက် ကျင်းပသောပုံမှန်ရွေးချယ်တင်မြှောက်ပွဲမှအပ ပုံမှန် သက်တမ်းအတွင်း ကျင်းပသော ကျွန်ရွေးချယ် တင်မြှောက်ပွဲများကို ဆိုသည်။

# အခန်း (၂)

## ရွေးချယ်တင်မြှောက်ပုံစနစ်

၃။ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရာတွင် —

(က) လျှို့ဝှက်ဆန္ဒမဲဖြင့်တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ရွေးချယ်တင်မြှောက်ပွဲများ စတင်ကျင်းပသည့်နေ့ရက်၌ အသက်တဆယ့်ရှစ်နှစ်ပြည့်သော နိုင်ငံသားတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်၊

(ဂ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်းသည် မဲဆန္ဒနယ်တခုတွင် ရွေးချယ်တင်မြှောက်ပွဲ အဆင့်တခုအတွက် တကြိမ်လျှင်ဆန္ဒမဲတမဲသာပေးပိုင်ခွင့်ရှိသည်။

၄။ ပြည်သူ့ကိုယ်စားလှယ်များကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကိုယ်တိုင်ရွေးချယ်တင်မြှောက်ရာတွင် —

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များကို ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီဝင်များကို သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့်တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်များကို သက်ဆိုင်ရာမြို့နယ်အတွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် နေထိုင်ကြသောဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်၊

(ဃ) လွှတ်တော် ကိုယ်စားလှယ်များကို သက်ဆိုင်ရာမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင် နေထိုင်ကြသောဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက လျှို့ဝှက်ဆန္ဒမဲဖြင့်တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်။

၅။ လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များမှာ အောက်ပါတို့ဖြစ်သည်—

(က) သာသနာ့ဝန်ထမ်းများ၊

(ခ) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံသား မဟုတ်သူများ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(ဃ) ပြစ်မှုတခုခုကြောင့် ထောင်ဒဏ်ကျခံနေရသူများ။

## အခန်း (၃)

## လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ဖွဲ့စည်းခြင်း

၆။ လွှတ်တော်ကိုမြို့နယ်များမှ အောက်ပါအတိုင်းရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းရမည်—

(က) မြို့နယ်တခုစီမှ တဦးကျစီ ရွေးချယ်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) လူဦးရေ တစ်သိန်း နှင့် အထက်ရှိသော မြို့နယ်တိုင်းမှ မူလရရှိသည့် လွှတ်တော်ကိုယ်စားလှယ်အပြင် နောက်ထပ် တဦးကျစီ ရွေးချယ် တင်မြှောက်သော လွှတ်တော် ကိုယ်စားလှယ်များ၊

(ဂ) ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် နှင့် ဒီမောဆိုးမြို့နယ် များမှ မူလရရှိသည့် လွှတ်တော်ကိုယ်စားလှယ် အရေ အတွက်အပြင် နောက်ထပ် တဦးကျစီ ရွေးချယ်တင် မြှောက်သော လွှတ်တော်ကိုယ်စားလှယ်များ၊

(ဃ) ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်နှင့်သံတောင် မြို့နယ် များမှ မူလရရှိသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်အပြင် နောက်ထပ် တဦးကျစီ ရွေးချယ် တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်များ၊

(င) ချင်းပြည်နယ်၊ တိုင်းတိုင်း တီးတိန်မြို့နယ်၊ ဖလမ်းမြို့နယ်၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ် များမှ မူလရရှိသည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်အပြင် နောက်ထပ်တဦးကျစီ ရွေးချယ်တင်မြှောက်သော လွှတ်တော်ကိုယ်စားလှယ်များ။

၇။ ပြည်သူ့ကောင်စီအဆင့်ဆင့်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည့် မဲဆန္ဒနယ်များမှ ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကောင်စီဝင်များဖြင့် ဖွဲ့စည်းရမည်—

(က) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီမဲဆန္ဒနယ်အရေအတွက်သည် နောက်ဆက်တွဲ (က) ပါအတိုင်း အများဆုံးဖြစ်စေရမည်၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ် အရေအတွက်သည် နောက်ဆက်တွဲ (ခ) ပါအတိုင်း အများဆုံးဖြစ်စေရမည်၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ် အရေအတွက်သည် နောက်ဆက်တွဲ (ဂ) ပါ အတိုင်း အများဆုံးဖြစ်စေရမည်။

၈။ (က) အခြေခံဥပဒေနှင့်အညီ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုတခုခုကို ပြင်ဆင်ဖွဲ့စည်းပါက ယင်း ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ပါဝင်မည့် မြို့နယ်အတွက် သတ်မှတ်ထားသည့် မြို့နယ်ပြည်သူ့ကောင်စီဝင် ဦးရေထက် ပိုမိုသတ်မှတ်ပေးရန်လိုအပ်လျှင် ဥပဒေဖြင့်ပြင်ဆင်ပေးရမည်၊

(ခ) အခြေခံ ဥပဒေနှင့်အညီ မြို့နယ်တခုခုကို ပြင်ဆင်ဖွဲ့စည်းပါက ယင်းမြို့နယ်ပါဝင်မည့် ပြည်နယ်နှင့် တိုင်းအတွက် သတ်မှတ်ထားသည့် ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီဝင်ဦးရေထက် ပိုမိုသတ်မှတ်ပေးရန်လိုအပ်လျှင် ဥပဒေဖြင့် ပြင်ဆင်ပေးရမည်။

## အခန်း (၄)

## မဲဆန္ဒနယ်များ သတ်မှတ်ခြင်း

၄။ မဲဆန္ဒနယ်များကိုသတ်မှတ်ရာတွင်—

(က) လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်အတွက် မဲဆန္ဒနယ်များကို သက်ဆိုင်ရာဒေသရှိ လူဦးရေကို အခြေခံ၍ ပထဝီအနေအထား၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး ဓလေ့ထုံးတမ်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး ဒေသပိုင်းခြားမှုအခြေအနေများကိုပါ ထည့်သွင်းစဉ်းစားသတ်မှတ်ရမည်၊

(ခ) လွှတ်တော်မဲဆန္ဒနယ်များကို မြို့နယ်များကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍ လည်းကောင်း သတ်မှတ်ရမည်၊

(ဂ) လွှတ်တော် မဲဆန္ဒနယ်တခုထက်ပို၍ သတ်မှတ်ရာတွင် မြို့နယ်တခုအတွင်းရှိကျေးရွာအုပ်စုများသာမက မြို့ပေါ်ရှိ ရပ်ကွက်နှင့် လူဦးရေကိုပါတတ်နိုင်သမျှ ညီညီမျှမျှ ရှိစေရန် ပိုင်းခြားသတ်မှတ်ရမည်၊

(ဃ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို ဤဥပဒေအရ သတ်မှတ်ထားသည့် အရေအတွက်အတွင်း မြို့နယ်များကို အခြေခံ၍လည်းကောင်း၊ မြို့နယ်များရှိ

လူဦးရေကို အခြေခံ၍လည်းကောင်း သတ်မှတ်ရမည်။ ယင်းသို့သတ်မှတ်ရာတွင် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့ မြို့နယ်တိုင်းမှ အနည်းဆုံး ကောင်စီဝင် တဦးကျစီ ရွေးချယ်တင်းမြှောက်နိုင်ရန် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သတ်မှတ်ရမည်၊

(င) လွှတ်တော်မဲဆန္ဒနယ်၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကိုသတ်မှတ်ရာတွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဒေသအဖြစ် သတ်မှတ်ထားသောရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုတခုကို စိတ်ပိုင်းပြီးနောက် ယင်းအစိတ်အပိုင်းကို မဲဆန္ဒနယ်တခုတွင် ထည့်သွင်း၍ ကျန်အစိတ်အပိုင်းတခုကို အခြားမဲဆန္ဒနယ်တခုတွင် ထည့်သွင်းခြင်း မပြုရ။ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုတခုလုံးကိုသာ မဲဆန္ဒနယ်တခုတွင် ထည့်သွင်းသတ်မှတ်ရမည်၊

(စ) မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို ဤဥပဒေအရ သတ်မှတ်ထားသည့် အရေအတွက်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု တခုချင်းကို အခြေခံ၍ လည်း ကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း သတ်မှတ်ရမည်။ ယင်းသို့သတ်မှတ်ရာတွင် မြို့နယ် ပြည်သူ့ကောင်စီသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတိုင်းမှ အနည်းဆုံး ကောင်စီဝင် တဦးကျစီ ရွေးချယ်တင်မြှောက်နိုင်ရန် မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သတ်မှတ်ရမည်၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု တခုချင်းအလိုက် လူဦးရေကို အခြေခံ၍ သတ်မှတ်ရမည်။ ကျေးရွာအုပ်စု တခုအတွင်း ကျေးရွာအုပ်စုပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကိုသတ်မှတ်ရာတွင် ယင်းကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာတခုချင်းကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ပြည်သူ့ကောင်စီဝင် အရေအတွက်အပေါ် မူတည်၍ သဘ်မှတ်နိုင်သည်။

၁၀။ မဲဆန္ဒနယ်များကို သတ်မှတ်ကြေညာရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လွှတ်တော် မဲဆန္ဒနယ်များကို ကော်မရှင်က သတ်မှတ်ကြေညာရမည်၊

(ခ) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို ကော်မရှင်၏အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ကြေညာရမည်၊

(ဂ) မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ကြေညာရမည်၊

(ဃ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ကြေညာရမည်။

၁၁။ (က) ပုဒ်မ ၇၊ ၉ နှင့် ၁၀ အရ မဲဆန္ဒနယ်များ သတ်မှတ်ခြင်းသည် လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ သက်ဆိုင်ရာပုံမှန်သက်တမ်းအတွက် ဖြစ်စေရမည်၊

(ခ) ယင်းပုံမှန်သက်တမ်းအတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမဲဆန္ဒနယ်တခုခု၏ မဲဆန္ဒနယ်တခုလုံးတွင်ဖြစ်စေ၊ တစိတ် တဒေသတွင် ဖြစ်စေ တစုံတရာသော အကြောင်းကြောင့် အစုအဝေးအလိုက် လူဦးရေ လျော့နည်းသွားပါက ယင်းမဲဆန္ဒနယ်ကို ပြင်ဆင်သတ်မှတ်ရန်၊ သို့မဟုတ် ပယ်ဖျက်ရန်လိုအပ်လျှင် ကော်မရှင်က နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်၊

(ဂ) ယင်းသို့ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းကြောင့် မြို့နယ်ပြည်သူ့ကောင်စီမဲဆန္ဒနယ်တခုလုံးနှင့်အကျုံးဝင်လျှင် ယင်းမြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်ကိုပါ နိုင်ငံတော် ကောင်စီ၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်ရမည်၊

(ဃ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တခုခုတွင် တစုံတရာသော အကြောင်းကြောင့် အစုအဝေးအလိုက် လူဦးရေ ပိုမိုလာစေကာမူနောက်တကြိမ် ပုံမှန် ရွေးချယ်တင်မြှောက်ပွဲအတွက် မဲဆန္ဒနယ်များကို သတ်မှတ်ခြင်း မပြုသေးမီ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ မဲဆန္ဒနယ်များသည် မူလအတိုင်းဆက်လက်တည်ရှိစေရမည်။

# အခန်း (၅)

## ပြည်သူ့ကိုယ်စားလှယ်ဖြစ်ရန်အရည်အချင်းများ

၁၂။ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသူတိုင်းသည် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည် —

(က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားများဖြစ်သော မိဘနှစ်ပါးမှ မွေးဖွားသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသားများ၊

(ခ) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်သော မိဘနှစ်ပါးမှ မွေးဖွားသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သောနိုင်ငံသားများ။

၁၃။ နိုင်ငံသားတိုင်းသည်–

(က) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်နေ့တွင် အသက်နှစ်ဆယ်ပြည့်၍ ပုဒ်မ ၁၂ နှင့် ညီညွတ်လျှင်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ သို့သော်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီ သို့သော်လည်းကောင်း ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်၊

(ခ) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်နေ့တွင် အသက်နှစ်ဆယ့်လေးနှစ် ပြည့်၍ ပုဒ်မ ၁၂ နှင့် ညီညွတ်လျှင် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီသို့ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက် ခံပိုင်ခွင့်ရှိသည်၊

(ဂ) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်နေ့တွင် အသက်နှစ်ဆယ့်ရှစ်နှစ်ပြည့်၍ ပုဒ်မ ၁၂ နှင့် ညီညွတ်လျှင် လွှတ်တော်သို့ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

၁၄။ နိုင်ငံသားတိုင်းသည်—

(က) ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီဝင်အဖြစ် ရွေးချယ် တင်မြှောက်ခြင်းခံနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုတွင် နေထိုင်သူဖြစ်ရမည်၊

(ခ) မြို့နယ် ပြည်သူ့ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံနိုင်ရန် သက်ဆိုင်ရာမြို့နယ်အတွင်း နေထိုင်သူဖြစ်ရမည်၊

(ဂ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံနိုင်ရန် အောက်ပါအတိုင်းဖော်ပြထားသူ တဦးဦးဖြစ်ရမည်—

(၁) သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်အတွင်း နေထိုင်သူ၊

(၂) သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းအတွင်းရှိ မည်သည့် မဲဆန္ဒနယ်တွင်မဆိုနေထိုင်သူ၊

(၃) အခြားပြည်နယ်နှင့် တိုင်းများတွင် နေထိုင်သော်လည်း သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီဝင်လောင်း အမည်စာရင်းတင်သွင်းရေး ညှိနှိုင်း အစည်းအဝေးက အမည်စာရင်း တင်သွင်းခြင်းခံရသူ၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံနိုင်ရန် အောက်ပါအဘိုင်းဖော်ပြထားသူ တဦးဦးဖြစ်ရမည်—

(၁) သက်ဆိုင်ရာမြို့နယ်အတွင်းနေထိုင်သူ၊

(၂) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်းနေထိုင်သူဖြစ်၍ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ပေါင်းအမည်စာရင်း တင်သွင်းရေးညှိနှိုင်းအစည်းအဝေးက အမည်စာရင်း တင်သွင်းခြင်းခံရသူ။

၁၅။ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် မရှိသော ပုဂ္ဂိုလ်များမှာ အောက်ပါတို့ ဖြစ်သည်—

(က) သာသနာ့ဝန်ထမ်းများ၊

(ခ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(ဂ) ပြစ်မှုတခုခုကြောင့် ထောင်ဒဏ်ကျခံနေရသူများ၊

(ဃ) မိဘ နှစ်ဦးလုံးသည် လည်းကောင်း၊ မိဘနှစ်ဦးအနက်မှ တဦးသည်လည်းကောင်း နိုင်ငံခြားသားဖြစ်ခဲ့၍နိုင်ငံသားအဖြစ်ပြောင်းလဲခံယူခြင်းမပြုမီက မွေးဖွားပြီးဥပဒေအရ နိုင်ငံသားဖြစ်သူများ၊

(င) နိုင်ငံတော်ကိုသစ္စာဖောက်ဖျက်ပုန်ကန်မှုဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရသူများ။

ၛ။ ရှင်းလင်းချက်။ ။နိုင်ငံ၏လွတ်လပ်ရေးအတွက် နယ်ချဲ့စနစ်ကို လည်းကောင်း၊ ပဒေသရာဇ်စနစ်ကိုလည်းကောင်း တော်လှန်တိုက်ဖျက်ရာ၌ နိုင်ငံတော်ကို သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရသူများနှင့် မသက်ဆိုင်စေရ။

၁၆။ လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရပြီးနောက် အောက်ပါတခုခုနှင့် ငြိစွန်းလျှင် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ—

(က) သာသနာ့ဝန်ထမ်းအဖြစ်သို့ အမြဲတမ်း ကူးပြောင်းသွားခြင်း၊

(ခ) မိပ်ပါပေါ့သွပ်သည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီမှ အခါအားလျော်စွာ သတ်မှတ်ကြေညာသော နိုင်ငံရေးပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် စပ်လျဉ်းသည့်ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဃ) နိုင်ငံသားအဖြစ်မှ ရပ်စဲသွားခြင်း၊

(င) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်တဦးသည် သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု၏ ပြင်ပသို့ သော်လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီဝင်တဦးသည် သက်ဆိုင်ရာမြို့နယ်၏ ပြင်ပသို့သော်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီဝင်တဦးသည် သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်း၏ ပြင်ပသို့သော်လည်းကောင်း တာဝန်အရဖြစ်စေ၊ အခြားအကြောင်းတခုခုကြောင့်ဖြစ်စေ အမြဲတမ်းပြောင်းရွှေ့သွားခြင်း၊

**ခြွင်းချက်။** ။ဝန်ကြီးအဖွဲ့က တင်ပြပြီး နိုင်ငံတော်ကောင်စီက ခြွင်းချက် ပေးသင့်သည်ဟု ဆုံးဖြတ် သည့် ဒေသများတွင် နေထိုင်ကြသည့်မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များအား ယင်းပြဋ္ဌာန်းချက်မှ ကင်းလွတ်စေရမည်၊

( စ ) လွှတ်တော်ကိုယ်စားလှယ်များမှအပ ကျန်ပြည်သူ့ကိုယ်စားလှယ်များသည် သဘာပတိအဖွဲ့၏ ခွင့်ပြုချက်မရပဲ မိမိအား ရွေးချယ်တင်မြှောက်လိုက်သော မဲဆန္ဒနယ်နှင့် တဆက်တည်း ခြောက်လထက် ကျော်လွန်ကင်းကွာခြင်း၊

(ဆ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြုလုပ်ခဲ့သော ဝန်ခံ ကြေညာချက်ကို လိမ်လည်တင်သွင်းသဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

( ဇ ) ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာပြစ်မှုများကို ကျူးလွန်၍ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

# အခန်း (၆)

## မဲစာရင်းပြုစုခြင်း

၁၇။ (က) ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရန် မဲဆန္ဒနယ် အသီးသီးအတွက် ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများ၏ မဲစာရင်း တခုစီကို ကော်မီရှင်က အောက်ပါ အတိုင်း သီးခြားစီပြုစုရမည်—

(၁) လွှတ်တော်မဲစာရင်း၊

(၂) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ မဲစာရင်း၊

(၃) မြို့နယ်ပြည်သူ့ကောင်စီမဲစာရင်း၊

(၄) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ ကောင်စီ မဲစာရင်း၊

(ခ) မဲစာရင်းများ ပြုစုခြင်းနှင့်စပ်လျဉ်း၍ ကော်မီရှင်သည် ကော်မီရှင် အဖွဲ့ခွဲများကို တာဝန်ပေး ဆောင်ရွက် စေနိုင် သည်၊

(ဂ) မဲဆန္ဒနယ်များအတွက် မဲစာရင်းများပြုစုရာတွင်ကော်မီရှင် နှင့် ကော်မီရှင်အဖွဲ့ခွဲများသည်သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ ကောင်စီများက ပြုစုထားသော လူဦးရေ စာရင်းများနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ့စာရင်းများကို ရယူအခြေခံ၍ အသုံး ပြုရမည်။

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား တိုင်းသည် မဲဆန္ဒနယ်တနယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးချယ်တင်မြှောက်ပွဲကျင်းပပြုလုပ်မည့်နေ့တွင် အသက် တစ်ဆယ့်ရှစ်နှစ် ပြည့်သူလည်းဖြစ်လျှင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာ မဲစာရင်း၌ထည့်သွင်းဖော်ပြရမည်။

၁၉။ (က) မဲစာရင်း စစ်ဆေးခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့်သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်ရမည်၊

(ခ) သက်ဆိုင်ရာမဲစာရင်းများတွင်အမည်ပါဝင်သောနိုင်ငံသားတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲ ပေးပိုင် ခွင့်ရှိသည်၊

(ဂ) လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတခုမှအပ အဆင့် တူညီသော အခြား မဲဆန္ဒနယ်၏ မဲစာရင်းများတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ။

၂၀။ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများအတွက် ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများ၏ အမည်စာရင်းကို မဲဆန္ဒနယ်အလိုက် ရွေးချယ်တင်မြှောက်ပွဲ မကျင်းပမီ ကြိုတင်ကြေညာရမည်။

၂၁။ (က) ဤဥပဒေအရဆန္ဒမဲပေးပိုင်ခွင့်ရှိသူတဦးသည် သက်ဆိုင်ရာ မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း မရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲသို့ မိမိအမည် ထည့်သွင်းပေးရန် တောင်းဆိုလွှာကို တင်သွင်းနိုင်သည်၊

(ခ) သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင် အဖွဲ့ခွဲက အမည်ထည့်သွင်းပေးခြင်း မရှိခဲ့လျှင် နည်းဥပဒေများနှင့် အညီ သက်ဆိုင်ရာမြို့နယ် ကော်မီရှင် အဖွဲ့ခွဲသို့ အယူခံခွင့်ရှိသည်။ ယင်းကော်မီရှင် အဖွဲ့ခွဲ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

# အခန်း (၇)

## ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

၂၂။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည်—

(က) လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းနိုင်ရေး အတွက် ပါတီအဖွဲ့အစည်းများ၊ ပါတီ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော လူထု လူတန်းစား အဖွဲ့အစည်းများနှင့် ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်း လျာထား ရေး အစည်းအဝေးများကို ကျင်းပရမည်၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူများနှင့် ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်း ရေး ညှိနှိုင်း အစည်းအဝေးများကို ကျင်းပရမည်၊

(ဂ) ပြည်သူ့ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်း ရေး ညှိနှိုင်း အစည်းအဝေးက အတည်ပြု ဆုံးဖြတ်သည့် ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းကို သက်ဆိုင် ရာကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်။

၂၃။ ပြည်သူ့ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရေး ညှိနှိုင်းအစည်းအဝေးများကို ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေများတွင် သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

# အခန်း (၈)

## ဆန္ဒမဲပေးခြင်း

၂၄။ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရန် အချိန်ကာလ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်—

(က) လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်အတွက် ပုံမှန် ရွေးချယ်တင်မြှောက်ပွဲများကို ဖြစ်နိုင်သရွေ့ တပြိုင်နက် တနေ့တည်း ကျင်းပရမည်၊

(ခ) ပုံမှန် သက်တမ်း အတွင်း အကြောင်း အမျိုးမျိုးကြောင့် လစ်လပ်သည့် ပြည်သူ့ ကိုယ်စားလှယ်နေရာများ အတွက် ကြားဖြတ် ရွေးချယ် တင်မြှောက်ပွဲများကို အခါ အားလျော်စွာ ကျင်းပနိုင်သည်၊

(ဂ) ရွေးချယ် တင်မြှောက် ပွဲများကို ဖြစ်နိုင် သရွေ့ အများ ပြည်သူတို့၏ အလုပ်ပိတ်ရက်တွင် ကျင်းပရမည်၊

(ဃ) ရွေးချယ်တင်မြှောက်ပွဲများ စတင်ကျင်းပမည့် နေ့ရက်ကို ကြိုတင်၍ သတ်မှတ်ကြေညာရမည်။

၂၅။ မဲရုံများကို အများပြည်သူတို့ အလွယ်တကူ လာရောက် ဆန္ဒမဲပေးနိုင်သော နေရာများ၌ လျှို့ဝှက် ဆန္ဒမဲပေးမှုကို မထိခိုက်စေအောင် လုံခြုံစွာစီစဉ်ထားရှိရမည်။ မဲရုံများတည်ရှိသည့် နေရာများကို အများပြည်သူတို့ သိရှိစေရန် ကြိုတင်ကြေညာရမည်။

၂၆။ (က) လွှတ်တော်နှင့် ပြည်သူ့ကောင်စီ မဲဆန္ဒနယ် အသီးသီးရှိ မဲရုံများကို ကြီးကြပ် ကွပ်ကဲရန် ကော်မရှင်က သတ်မှတ်သော အဖွဲ့ဝင် ဦးရေဖြင့် မဲရုံအဖွဲ့များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ရမည်၊

(ခ) မဲရုံတိုင်းတွင် မဲရုံ အဖွဲ့ဝင်များထဲမှ ပုဂ္ဂိုလ်တဦးကို မဲရုံမှူး အဖြစ်တာဝန်ပေးအပ်ရမည်၊

(ဂ) မဲရုံအဖွဲ့များနှင့် မဲရုံမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကို သတ်မှတ်ပေးရမည်။

၂၇။ (က) လွှတ်တော်နှင့် ပြည်သူ့ ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရာ၌ မဲဆန္ဒနယ် တခုအတွက် ယှဉ်ပြိုင်သူမရှိ တဦးတည်းသာ ရွေးချယ်တင် မြှောက်ခံရန်ဖြစ်လျှင် ယင်းပုဂ္ဂိုလ်အား ထောက်ခံသည့် မဲပုံးနှင့် ကန့်ကွက်သည့် မဲပုံးတို့ကို ထင်ရှားသည့် အရောင် များ၊ အမှတ်အသားများဖြင့် ခွဲခြားပြုလုပ် စီစဉ်ထားရှိရ မည်၊

(ခ) လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရာ၌ အဆင့် တခုရှိ မဲဆန္ဒနယ်တခုတွင် ရွေးချယ် တင်မြှောက်ခံရန် ယှဉ်ပြိုင်သူ တဦးထက်ပို၍ရှိခဲ့လျှင် ယင်းသို့ ယှဉ်ပြိုင် သူများ အရေအတွက်ရှိသရွေ့ မဲပုံးအရေအတွက်ကို ပြုလုပ် စီစဉ်ထားရှိရမည်။

၂၈။ ရွေးချယ်တင်မြှောက်ပွဲများကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားရမည်။ သို့ရာတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံများကို ညနေ ၆ နာရီ ထက်စော၍ ပိတ်နိုင်သည်။

၂၉။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲရုံအသီးသီး၌ သက်ဆိုင်ရာဆန္ဒမဲပြားများကို ကိုယ်တိုင်လာရောက်ထုတ်ယူရမည်။ သက်ဆိုင်ရာမဲပုံးများအတွင်းသို့လည်း ယင်းဆန္ဒမဲပြားများကို ကိုယ်တိုင် ဆန္ဒမဲပေးရမည်။ မည်သူမျှ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်းမပြုရ။

၃၀။ (က) သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပသို့ ရောက်နေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ ဝန်ထမ်းများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံရှိ အတွင်းလူနာများသည် ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်၊

(ခ) ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတဦးသည် ရွေးချယ်တင်မြှောက်ပွဲများကျင်းပသည့်နေ့တွင် မိမိအမည်စာရင်း ပါဝင်သော မဲဆန္ဒနယ်မှကျော်လွန်၍ ခရီးဝေးသွားလာရန်ရှိလျှင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲကြိုတင်ပေးနိုင်ရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်၊

(ဂ) အနာကြီးရောဂါ စွဲကပ်နေ၍သော်လည်းကောင်း၊ ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် ရောဂါဝေဒနာခံစားနေရ၍သော်လည်းကောင်း၊ အသက်အရွယ်ကြီးရင့်နေ၍သော်လည်းကောင်း၊ နေအိမ်တွင် မီးဖွားနေ၍သော်လည်းကောင်း မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများရှိပါက ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲ ပေးနိုင်ရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်၊

(ဃ) ဆန္ဒမဲလက်မှတ်တွင် မိမိကိုယ်တိုင်ရေးသွင်းရန် အခက်အခဲရှိသူများအတွက် ဆန္ဒပြုရမည့်နည်းလမ်းကို နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၃၁။ (က) ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပသည့်အချိန်၌ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များနှင့် မိသားစုများ၊ သံရုံးအဖွဲ့ဝင်များနှင့် မိသားစုများ၊ ပညာတော်သင်များနှင့် မိသားစုများ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မိသားစုများ၊ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့်နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် မိသားစုများကသက်ဆိုင်ရာမဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးနိုင်ရန် ကော်မရှင်က စီစဉ်ပေးရမည်၊

(ခ) နိုင်ငံပြင်ပတွင်ရောက်ရှိနေသောဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာနက တာဝန်ယူ ဆက်သွယ်ဆောင်ရွက်ပေးရမည်။

# အခန်း (၉)

## ဆန္ဒမဲရေတွက်ခြင်းနှင့် ရွေးချယ်တင်မြှောက်ပွဲအထမြောက်ခြင်း

၃၂။ (က) သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ဆန္ဒမဲပြားများ၊ ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲ စာရင်းဇယားများ ကို ရေတွက်ရာတွင် ပြည်သူတို့၏ ရှေ့မှောက်၌ ရေတွက်ရမည်၊

(ခ) ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲသည် မိမိနှင့် သက်ဆိုင်သောရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ မဲရုံအသီးသီး၏ မဲပုံးများအတွင်းမှ ဆန္ဒမဲပြားများကိုလည်းကောင်း၊ ပုဒ်မ ၃၀ နှင့် ၃၁ အရ ဆန္ဒမဲပေးကြသော ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း ရေတွက်ရမည်၊

(ဂ) ဆန္ဒမဲများရေတွက်ရာတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ပြည်နယ်နှင့် တိုင်းပြည်သူ့ကောင်စီနှင့် လွှတ်တော် မဲဆန္ဒနယ် အလိုက် အစဉ်အတိုင်း ရေတွက်ရမည်၊

(ဃ) ဆန္ဒမဲများရေတွက်ရာတွင် ခိုင်လုံသောဆန္ဒမဲနှင့် မခိုင်လုံသောဆန္ဒမဲများကို ဤဥပဒေအရပြဋ္ဌာန်းထားသည့် နည်းဥပဒေများနှင့်အညီ ခွဲခြား၍ရေတွက်ရမည်၊

(င) ရေတွက်ပြီးသည့်အခါ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီနှင့် လွှတ်တော်မဲဆန္ဒနယ်များအတွက် ရရှိသောဆန္ဒမဲစာရင်းဇယားများကို သက်ဆိုင်ရာမြို့နယ်ကော်မီရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်၊

(စ) မြို့နယ်ကော်မီရှင် အဖွဲ့ခွဲများသည် သက်ဆိုင်ရာ ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲများက ပေးပို့လာသည့် သက်ဆိုင်ရာ ဆန္ဒမဲစာရင်းဇယားများ အရ လွှတ်တော်၊ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီမဲဆန္ဒနယ်တခုစီ အတွက်ပေါင်းရုံးစုစည်းရမည်။

၃၃။ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများတွင်—

(က) သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော်က ဆန္ဒမဲပေးမှသာလျှင် ရွေးချယ်တင်မြှောက်ပွဲ အထမြောက်သည်၊

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်က ဆန္ဒမဲပေးပြီး၊ ဆန္ဒမဲပေးသူ အားလုံး၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲရရှိမှသာလျှင် ရွေးချယ်တင်မြှောက်ခြင်းခံရသည်ဟု သတ်မှတ်ရမည်၊

(ဂ) ရွေးချယ်တင်မြှောက်ပွဲ အထမမြောက်လျှင်ဖြစ်စေ၊ ရွေးချယ်တင်မြှောက်ပွဲအထမြောက်ပြီး ရွေးချယ်တင်မြှောက်ခြင်းမခံရလျှင်ဖြစ်စေ သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲက ကြေညာရမည်။ ယင်းသို့ကြေညာပြီးနောက် လွှတ်တော်အဆင့်အတွက်ဖြစ်လျှင် ကော်မီရှင်သို့ လည်းကောင်း၊ ပြည်သူ့ကောင်စီအဆင့်ဆင့်အတွက်ဖြစ်လျှင် သက်ဆိုင်ရာ တဆင့်မြင့်အဖွဲ့အစည်းသို့လည်းကောင်း အစီရင်ခံရမည်။

၃၄။ လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်အတွက် အထမမြောက်သော ရွေးချယ်တင်မြှောက်ပွဲများတွင် သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးသူအားလုံး၏ ထက်ဝက်ကျော်ထောက်ခံဆန္ဒမဲရရှိသော ပြည်သူ့ကိုယ်စားလှယ်လောင်းအား ရွေးချယ်တင်မြှောက်ခြင်းခံရသူအဖြစ် ကြေညာရမည်။

၃၅။ (က) ရွေးချယ်တင်မြှောက်ပွဲ အထမမြောက်လျှင် သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲ အထမြောက်ပြီး ရွေးချယ်တင်မြှောက်ခြင်း မခံရလျှင် သော် လည်း ကောင်း၊ ယင်းသို့ရွေးချယ်တင်မြှောက်ပွဲ အထမမြောက်ကြောင်းကိုဖြစ်စေ၊ ရွေးချယ်တင်မြှောက်ခြင်း မခံရကြောင်းကို ဖြစ်စေ ကြေညာပြီးနောက် ရွေးချယ်တင်မြှောက်ပွဲ ထပ်မံကျင်းပမည့်နေ့ရက်ကို သက်ဆိုင်ရာ မဲဆန္ဒ နယ် တွင် ကြေညာရမည်၊

(ခ) ထပ်မံကျင်းပသော ရွေးချယ် တင်မြှောက်ပွဲ များ တွင် ပထမအကြိမ် ရွေးချယ် တင်မြှောက်ပွဲ ကျင်း ပ ချိန် ၌ အတည်ပြုပြီးသော မဲစာရင်းဖြင့်သာ ဆက်လက်ဆောင်ရွက်ရမည်၊

(ဂ) ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက် ကျော်က ဆန္ဒမဲမပေးသဖြင့် ထပ်မံကျင်းပရသော ရွေးချယ်တင်မြှောက်ပွဲများတွင် မူလတင်သွင်းထားသော ပြည်သူ့ကိုယ်စားလှယ်လောင်းဖြင့်သာ ကျင်းပပေးရမည်၊

(ဃ) ဆန္ဒမဲပေးသူအားလုံး၏ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲမရရှိသဖြင့် ထပ်မံကျင်းပရသော ရွေးချယ်တင်မြှောက်ပွဲများတွင် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ပြည်သူ့ကိုယ်စားလှယ်လောင်း အသစ်၏ အမည်စာရင်းကို ပေးပို့စေ၍ ကျင်းပပေးရမည်။

၃၆။ ပုဒ်မ ၃၅ အရ ဆောင်ရွက်သော်လည်း ရွေးချယ်တင်မြှောက်ပွဲ အထမမြောက်လျှင်သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခြင်း မခံရ

လျှင်သော်လည်းကောင်း နောက်ထပ် ရွေးချယ်တင်မြှောက်ပွဲ များ ကို ကော်မရှင်ကသတ်မှတ်ပေးသည့်အတိုင်း ထပ်မံကျင်းပပေးရမည်။

၃၇။ ကော်မရှင်သည်—

(က) သဘာဝ ဘေးအန္တရာယ် တခုခုကြောင့် ရွေးချယ်တင်မြှောက်ပွဲ အထမြောက်ခြင်းမရှိခဲ့သော မဲဆန္ဒနယ်များတွင် ယင်းဘေးအန္တရာယ် ကင်းရှင်းပြီးသည်အထိ ရွေးချယ်တင်မြှောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်၊

(ခ) မဲဆန္ဒနယ်တခုခုတွင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးအတွက် မဲစာရင်းပြုစုရန်သော်လည်းကောင်း၊ ဆန္ဒမဲပေးရန်သော်လည်းကောင်း လုံခြုံမှု အခြေအနေ မရှိလျှင် ယင်းမဲဆန္ဒနယ်အတွက် ရွေးချယ်တင်မြှောက်ပွဲကို ရွှေ့ဆိုင်းနိုင်သည်၊

(ဂ) လွှတ်တော်မဲဆန္ဒနယ်တခုခု၊ သို့မဟုတ် ပြည်သူ့ကောင်စီအဆင့်တခု၏ မဲဆန္ဒနယ်တခုခုတွင် ပါဝင်သော အချို့ဒေသများ၌ ရွေးချယ်တင်မြှောက်ပွဲများကျင်းပရန်အခြေအနေများရှိပြီး အချို့ဒေသများ၌ ရွေးချယ်တင်မြှောက်ပွဲများကျင်းပရန် အခြေအနေမရှိလျှင် ရွေးချယ်တင်မြှောက်ပွဲကျင်းပရန်သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲရွှေ့ဆိုင်းရန် သော်လည်းကောင်း၊ မဲရုံများကို လုံခြုံမှုရှိသော နေရာများသို့ ပြောင်းရွှေ့ ကျင်းပ ရန်သော်လည်းကောင်း ဆုံးဖြတ်နိုင်သည်။

၃၈။ လွှတ်တော်မဲဆန္ဒနယ်၊ သို့မဟုတ် ပြည်သူ့ကောင်စီမဲဆန္ဒနယ်တခုခုအတွက် ရွေးချယ်တင်မြှောက်ပွဲများရွှေ့ဆိုင်းခြင်း၊ မဲရုံများကို လုံခြုံမှုရှိသောနေရာများသို့ ပြောင်းရွှေ့ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ သင့်လျော်သလို လွှဲအပ်နိုင်သည်။

# အခန်း (၁၀)

## ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာပြစ်မှုများနှင့် ပြစ်ဒဏ်များ

၃၉။ (က) လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများတွင် နိုင်ငံသားတဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်း မပြုနိုင်စေရန် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လာဘ်ပေးခြင်း၊ သို့မဟုတ် လာဘ်ယူခြင်းတို့ကို မည်သူမျှမပြုရ၊

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ တားမြစ်ချက် တခုခုကို ဖောက်ဖျက် ကျူးလွန်ခြင်းကြောင့် ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်တနှစ်အထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ကိုဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

၄၀။ မည်သူမျှ အောက်ပါ တားမြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရ

လျှင် ထောင်ဒဏ်တနှစ်အထိဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ကိုဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်—

(က) ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့်ရရှိစေရန်သော်လည်းကောင်း၊ ယင်းအခွင့်အရေးကိုရရှိခဲ့ခြင်းအတွက် ကျေးဇူးတုံ့ပြန်မည့်အနေဖြင့်သော်လည်းကောင်း ငွေ၊ ကုန်ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အကိုင်နေရာပြောင်းရွှေ့မှုစသည့်နည်းလမ်းတခုခုကို အသုံးပြုလျက် လာဘ်ပေးခြင်း၊ လာဘ်ယူခြင်း မပြုလုပ်ရ၊

(ခ) ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာအခွင့်အရေးကို လွတ်လပ်စွာ မကျင့်သုံးနိုင်စေရန် ပြည်သူ့ ကိုယ်စားလှယ်လောင်းတဦးဦးကိုသော်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ တဦးဦးကိုသော်လည်းကောင်း ခြိမ်းခြောက်ခြင်း မပြုလုပ်ရ၊

(ဂ) ဘာသာရေးကိုအကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန် သော်လည်းကောင်း ပြောဆိုခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းနှင့် ယင်းသို့ပြုလုပ်ရန် တိုက်တွန်းအားပေးခြင်း မပြုလုပ်ရ၊

(ဃ) ဆန္ဒမဲပေးခြင်းကို ပျက်ပြားစေရန် လှုံ့ဆော်ပြောကြားခြင်း၊စည်းဝေးဟောပြောခြင်း၊ ရေးသားခြင်း၊ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြုခြင်းမပြုလုပ်ရ။

ရှင်းလင်းချက်။ ။ပြည်သူ့ကိုယ်စားလှယ် လောင်းတဦးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ယင်းအားထောက်ခံသူများကဖြစ်စေ လုပ်ငန်းစဉ်များကို တင်ပြခြင်း၊ ကိုယ်စားလှယ်လောင်း၏ အရည်အချင်းများကို ထုတ်ဖော် ဟောပြောခြင်း၊ ကိုယ်ရေး

မှတ်တမ်းများကို ပုံနှိပ်ဖြန့်ချိခြင်း၊ မှီ
စတာများ အသုံးပြုခြင်းတို့ကို ပြုလုပ်
နိုင်သည်။

၄၁။ ပြည်သူ့ကိုယ်စားလှယ်လောင်းအမည်စာရင်း ဟင်္သာင်းရေး ညှိနှိုင်းအစည်းအဝေးများနှင့် စပ်လျဉ်း၍ မည်သူမျှအောက်ပါတားမြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်တနှစ်အထိ ဖြစ်စေ၊ ကျပ်တထောင်အထိ ငွေဒဏ်ကိုဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေကျခံစေရမည် —

(က) ညှိနှိုင်းအစည်းအဝေးများကျင်းပရာတွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်းမပြုလုပ်ရ၊

(ခ) ညှိနှိုင်းအစည်းအဝေးများကိုပျက်ပြားစေရန် နှောင့်ယှက်ခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်းမပြုလုပ်ရ၊

(ဂ) လွှတ်တော်၊ ပြည်နယ်၊ တိုင်းနှင့်မြို့နယ်အဆင့်များအတွက် ပြည်သူ့ကိုယ်စားလှယ်လောင်းများကို ညှိနှိုင်းရွေးချယ်ရာတွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီမဲဆန္ဒနယ်များမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အဆုံးအဖြတ်ကို နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့်အတိုင်းကျင့်သုံးရန်ပျက်ကွက်ခြင်းမရှိစေရ၊

(ဃ) ညှိနှိုင်းအစည်းအဝေးများမှ အတည်ပြုဆုံးဖြတ်ထားသော ပြည်သူ့ကိုယ်စားလှယ်လောင်းအမည်စာရင်းကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ မှန်မှန်ကန်ကန်ပေးပို့ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၂။ မည်သူမျှအောက်ပါတားမြစ်ချက်တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ သို့မဟုတ် အခြားသူတဦးဦးကျူးလွန်စေရန်အားပေးကူညီခြင်း မပြုရ။ ကျူးလွန်ကြောင်း၊ သို့မဟုတ် ကျူးလွန်ရန်အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၆ လအထိ

ဖြစ်စေ၊ ကျပ်ငါးရာအထိငွေဒဏ်ကိုဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံး ကိုဖြစ်စေကျခံစေရမည် —

(က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ထား သောစာရင်း၊ အကြောင်းကြားစာ၊ သို့မဟုတ် အခြား စာရွက် စာတမ်းများကို မရိုးဖြောင့်သော သဘောဖြင့် ဖတ်မရအောင်ပြုလုပ်ခြင်း၊ သို့မဟုတ် ဖျက်ဆီးခြင်းမပြု လုပ်ရ၊

(ခ) မဲစာရင်းကိုသော်လည်းကောင်း၊ ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်ကိုသော်လည်းကောင်း၊ စာတိုက်မှတဆင့် ပေးပို့ရာတွင် အသုံးပြုသောစာအိတ်၊ သို့မဟုတ် အထုပ် ကိုသော်လည်းကောင်း လိမ်လည်လှည့်ဖြား လိုသောသ ဘောဖြင့် ဖျက်ဆီးခြင်း၊ သို့မဟုတ် ယင်းတို့တွင်ရေးသွင်း ထားချက်များကို ဖတ်မရအောင် ပြုလုပ်ခြင်းမပြုလုပ်ရ၊

(ဂ) ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်ကို မသမာသော နည်းဖြင့်အခြားသူတဦးအား ပေးအပ်ခြင်းမပြုလုပ်ရ၊

(ဃ) ထည့်ခွင့်ရှိသောဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်မှ အပ အခြားပစ္စည်းတခုခုကို မဲပုံးအတွင်းသို့ထည့်သွင်း ခြင်းမပြုလုပ်ရ၊

(င) အသုံးပြုဆဲဖြစ်သော မဲပုံးကိုသော်လည်းကောင်း၊ ဆန္ဒမဲ ပြားကိုသော်လည်းကောင်း၊ ဆန္ဒမဲ လက်မှတ်ကိုသော် လည်းကောင်း အခွင့်အာဏာမရရှိပဲ ဖွင့်လှစ်ခြင်း၊ သို့မဟုတ်ဖျက်ဆီးခြင်းမပြုလုပ်ရ၊

(စ) ရွေးချယ် တင်မြှောက်ပွဲ အဆင့်တခုခုတွင် မဲဆန္ဒနယ် တနယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲ ပေးခြင်းမပြုလုပ်ရ၊

(ဆ) ရွေးချယ်တင်မြှောက်ပွဲတခုခုတွင် မဲဆန္ဒနယ်တနယ်အတွက် တကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်းမပြုလုပ်ရ၊

(ဇ) သူတပါးဟန်ဆောင်၍ ဆန္ဒမဲပြား၊ သို့မဟုတ် ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း၊ ဆန္ဒမဲပေးခြင်း မပြုလုပ်ရ၊

(ဈ) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပနေစဉ် ဆန္ဒမဲပေးခန်း အတွင်းသို့ ဝင်ခွင့်မရှိပဲဝင်ရောက်ခြင်းမပြုရ။

၄၃။ မည်သူမဆိုရွေးချယ်တင်မြှောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတဦးဦးကို ဆန္ဒမဲမပေးနိုင်အောင် နှောင့်ယှက်ခြင်းပြု၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ကျပ်သုံးရာအထိငွေဒဏ်ကိုဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကို ဖြစ်စေကျခံစေရမည်။

၄၄။ ရွေးချယ်တင်မြှောက်ပွဲများနှင့် သက်ဆိုင်သည့် တာဝန်ဝတ်တရားများကို ထမ်းဆောင်သောပုဂ္ဂိုလ်သည်အောက်ပါ ပြဋ္ဌာန်းချက်တရပ်ရပ်ကို တမင်ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ။ ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထောင်ဒဏ် ၆ လအထိ ဖြစ်စေ၊ ကျပ်ငါးရာအထိ ငွေဒဏ်ကိုဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည် —

(က) ရွေးချယ်တင်မြှောက်ပွဲများနှင့် သက်ဆိုင်သော စာရင်းဇယားများနှင့်မှတ်တမ်းများကို တိကျစွာပြုစုထိန်းသိမ်းရမည်၊

(ခ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို ကူညီစောင့်ရှောက်ရမည်၊

(ဂ) ကော်မီရှင်ကထုတ်ပြန်ခွင့်ပြုသော စာရင်းအချက်အလက်များမှတပါး အခြားကိစ္စများနှင့် စပ်လျဉ်း၍ပေါက်ကြားခြင်းမရှိစေရ၊

(ဃ) ရွေးချယ်တင်မြှောက်ပွဲများတွင် ပြည်သူ့ကိုယ်စားလှယ်လောင်းတဦးဦးအတွက် မမှန်မကန်ပြုလုပ်ခြင်း၊ မဲဆွယ်ခြင်း၊ ဘက်လိုက်ခြင်းမပြုရ။

၄၅။ (က) မည်သူမဆို မဲရုံတွင် ဆန္ဒမဲ ပေးရန်သတ်မှတ်ထားသော အချိန်နာရီအတွင်း မဲရုံ၌မဖွယ်မရာသော အမူကိုပြုလျှင်၊ သို့မဟုတ် မဲရုံမှူးကမိမိ၏တာဝန်ဝတ္တရားအရ ပေးသည့် အမိန့်ကိုမနာခံလျှင် ထိုသူကိုမဲရုံမှူး၏ အမိန့်ဖြင့်သော်လည်းကောင်း၊ မဲရုံမှူး၏အခွင့်အာဏာရမဲရုံအဖွဲ့ဝင်တဦး၏ အမိန့်ဖြင့်သော်လည်းကောင်း တာဝန်ကျပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူက မဲရုံမှဖယ်ရှားပစ်ရမည်၊

(ခ) မဲရုံမှဖယ်ရှားခြင်းခံရသူသည် မဲရုံမှူး၏ ခွင့်ပြုချက်မရရှိပဲ မဲရုံသို့ ပြန်ဝင်လာခြင်းကြောင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအားထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ကျပ်သုံးရာအထိငွေဒဏ်ကိုဖြစ်စေ၊သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေကျခံစေရမည်။

၄၆။ မည်သူမဆိုရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်စွပ်စွဲတိုင်တန်းကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ လအထိဖြစ်စေ၊ ကျပ်သုံးရာအထိငွေဒဏ်ကို ဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ် နှစ်ရပ်လုံးကိုဖြစ်စေကျခံစေရမည်။

၄၇။ တဦးတယောက်သောသူသည် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုတခုခုကိုကျူးလွန်သည်၊ သို့မဟုတ် ကျူးလွန်ဆဲ ဖြစ်သည်ကိုတွေ့ရှိလျှင်မဲရုံမှူးသည်ထိုသူကိုဖမ်းဆီးရန်တာဝန်ကျပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ သို့မဟုတ် အခြားလုံခြုံရေးတာဝန်ရှိသူအားအမိန့်ပေးနိုင်သည်။

# အခန်း (၁၁)

## ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ တိုင်ကြားခြင်းနှင့် စစ်ဆေးခြင်း

၄၇။ ပုဒ်မ ၄၁ မှအပ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများနှင့်စပ်လျဉ်း၍ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ တဦးဦးကဖြစ်စေ၊ မဲဆန္ဒနယ် အတွက် တာဝန်ယူ ဆောင်ရွက်ရသော ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ် မဲရုံအဖွဲ့တခုခုတွင် ပါဝင်သော အဖွဲ့ဝင် တဦးဦးကဖြစ်စေ သက်သေ အထောက် အထား ခိုင်လုံစွာဖြင့် ရွေးချယ် တင်မြှောက်ပွဲ မကျင်းပမီ သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပနေစဉ် သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲကျင်းပပြီးနောက် ၇ ရက် အတွင်းသော်လည်းကောင်း သက်ဆိုင်ရာ မြို့နယ်ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ်သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲသို့ တိုင်တန်းနိုင်သည်။

၄၈။ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများကို ကော်မီရှင်အဖွဲ့ခွဲ၊ သို့မဟုတ် ကော်မီရှင် အဖွဲ့ခွဲဝင် များ က ကျူးလွန်ခဲ့လျှင် သက်သေ အထောက်အထား ခိုင်လုံစွာဖြင့်—

(က) ရွေးချယ်တင်မြှောက်ပွဲ မကျင်းပမီ သော်လည်းကောင်း၊ ရွေးချယ် တင်မြှောက်ပွဲ ကျင်းပ နေစဉ် သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲကျင်းပပြီးနောက် သော်လည်းကောင်း တဆင့်မြင့်သော သက်ဆိုင်ရာအဖွဲ့အစည်းသို့တိုင်တန်းနိုင်သည်၊

(ခ) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြီးနောက်မှ တိုင်တန်းခြင်း ဖြစ်လျှင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲ များအတွက်ဖြစ်ပါက ရွေးချယ်တင်မြှောက်ပွဲကျင်းပပြီး နောက် တစ်ဆယ့်ငါးရက်အတွင်း သော်လည်းကောင်း၊ ကျန်ကော်မီရှင် အဖွဲ့ခွဲများအတွက် ဖြစ်ပါက ရွေးချယ် တင်မြှောက်ပွဲကျင်းပပြီးနောက် ရက်ပေါင်း သုံးဆယ် အတွင်းသော်လည်းကောင်း တိုင်တန်းနိုင်သည်။

၅၀။ (က) တိုင်တန်းလွှာများကိုလက်ခံရရှိလျှင် သက်ဆိုင်ရာ ကော်မီ ရှင်အဖွဲ့ခွဲ၊ သို့မဟုတ် ကော်မီရှင်က စုံစမ်း စစ်ဆေးပြီး ဆုံးဖြတ်ချက် ချမှတ်ပေးရမည်၊

(ခ) တိုင်တန်းလွှာသည် မခိုင်လုံပါက သက်ဆိုင်ရာ ကော်မီရှင် အဖွဲ့ခွဲ၊ သို့မဟုတ် ကော်မီရှင်ကပယ်ချနိုင်သည်။ ခိုင်လုံ ကြောင်းစုံစမ်းစစ်ဆေးတွေ့ရှိပါက ယင်းသို့ စုံစမ်းတွေ့ရှိ ချက်များနှင့်အတူ တိုင်တန်းလွှာကို—

(၁) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မီရှင် အဖွဲ့ခွဲ အတွက်ဖြစ်ပါက သက်ဆိုင်ရာမြို့နယ် တရားသူကြီး အဖွဲ့သို့လည်းကောင်း၊

(၂) မြို့နယ်ကော်မီရှင်အဖွဲ့ခွဲအတွက်ဖြစ်ပါက သက်ဆိုင် ရာပြည်နယ်၊ သို့မဟုတ် တိုင်းတရားသူကြီးအဖွဲ့ သို့လည်းကောင်း၊

(၃) ပြည်နယ်နှင့်တိုင်း ကော်မီရှင်အဖွဲ့ခွဲအတွက် ဖြစ်ပါ က ပြည်သူ့တရားသူကြီး အဖွဲ့သို့လည်း ကောင်း ညွှန်အပ်ရမည်။

၅၁။ ပုဒ်မ ၄၁ ပါ ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဖြစ်မှုများနှင့် စပ်လျဉ်း၍ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ တဦးဦးက ပြည်သူ့ ကိုယ်စားလှယ် လောင်း အမည်စာရင်း တင်သွင်းရေး ညှိနှိုင်းအစည်းအဝေး မကျင်းပမီ သော်လည်းကောင်း၊ အစည်းအဝေး ကျင်းပနေစဉ် သော်လည်းကောင်း၊

အစည်းအဝေး ကျင်းပပြီးနောက် ၇ ရက်အတွင်း သော်လည်းကောင်း သက်သေအထောက်အထား ခိုင်လုံစွာဖြင့်—

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ ကောင်စီဝင်လောင်း အတွက်ဖြစ်လျှင် သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲသို့ တိုင်တန်းနိုင်သည်၊

(ခ) မြို့နယ်၊ ပြည်နယ်၊ တိုင်းနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်ဖြစ်လျှင် သက်ဆိုင်ရာ မြို့နယ် ကော်မီရှင်အဖွဲ့ခွဲသို့ တိုင်တန်းနိုင်သည်။

၅၂။ (က) ပုဒ်မ ၄၇ နှင့် ၅၁ အရ တိုင်တန်းလွှာများကို လက်ခံရရှိသော ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲသည် မိမိနှင့် သက်ဆိုင်သော တိုင်တန်းလွှာ များမှအပ မြို့နယ်၊ ပြည်နယ်၊ တိုင်းနှင့် လွှတ်တော် အဆင့်များနှင့် စပ်လျဉ်းသော တိုင်တန်းလွှာများကို သက်ဆိုင်ရာမြို့နယ် ကော်မီရှင်အဖွဲ့ခွဲသို့ အမြန်ဆုံးပေးပို့ရမည်၊

(ခ) ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မီရှင်အဖွဲ့ခွဲသည် မိမိအရေးယူ ဆောင်ရွက်ရမည့် တိုင်တန်းလွှာကို လက်ခံရရှိသည့် နေ့မှ ၇ ရက် အတွင်း အရေးယူဆောင်ရွက်ရန် နှောင့်နှေးခဲ့လျှင် သက်ဆိုင်ရာ တိုင်တန်းသူက မြို့နယ်ကော်မီရှင် အဖွဲ့ခွဲသို့ ယင်း ၇ ရက် ကုန်ဆုံးသည့် နေ့ရက်မှစ၍ နောက်ထပ် ၇ ရက်အတွင်း ထပ်မံတိုင်ကြားနိုင်သည်၊

(ဂ) မြို့နယ် ကော်မီရှင်အဖွဲ့ခွဲသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့်အတွက် လက်ခံရရှိထားသည့် တိုင်တန်းလွှာများကို သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲသို့ ပေးပို့၍ အမြန်ဆုံး ဆောင်ရွက်ရန် ကြီးကြပ်ရမည်၊

(ဃ) မြို့နယ် ကော်မီရှင်အဖွဲ့ခွဲသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မီရှင်အဖွဲ့ခွဲများမှ တင်ပြလာသည့်၊ သို့မဟုတ် မိမိထံ

တွင်လက်ခံရရှိထားသည့်မြို့နယ်၊ ပြည်နယ်၊ တိုင်းနှင့် လွှတ်တော်အဆင့်များနှင့်စပ်လျဉ်းသော တိုင်တန်းလွှာများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၃။ (က) ပုဒ်မ ၄၈၊ သို့မဟုတ် ၅၁၊ သို့မဟုတ် ၅၂ အရ တိုင်ကြားထားသော တိုင်တန်းလွှာကို သက်ဆိုင်ရာရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုကော်မီရှင် အဖွဲ့ခွဲနှင့် သက်ဆိုင်ရာမြို့နယ် ကော်မီရှင် အဖွဲ့ခွဲများက လက်ခံပြီးနောက် ယင်းတိုင်တန်းလွှာပါအချက်အလက်များသည် ခိုင်လုံခြင်း ရှိမရှိ သိရှိနိုင်ရန်စုံစမ်းစစ်ဆေးမှုကို ဆောလျင်စွာ ပြုလုပ်ရမည်၊

(ခ) စုံစမ်းစစ်ဆေးမှုကို ပြုလုပ်နိုင်ရန် သော်လည်းကောင်း၊ အယူခံလွှာများကို စုံစမ်းစစ်ဆေးနိုင်ရန် သော်လည်းကောင်း ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲ အသီးသီးသည် သက်သေများကိုဆင့်ခေါ်ခွင့်၊ သက်သေခံ ပစ္စည်းအထောက်အထားများကိုတောင်းခံ ကြည့်ရှုခွင့်နှင့်စပ်လျဉ်း၍ တရားစီရင်ရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခွင့်ရှိသည်၊

(ဂ) ပုဒ်မခွဲ (က) အရ စုံစမ်း စစ်ဆေးမှု ပြုလုပ်ပြီးလျှင် သက်သေ အထောက်အထားမခိုင်လုံဟု ယူဆပါက သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲက ယင်းတိုင်တန်းလွှာကို ပယ်ချနိုင်သည်၊

(ဃ) တိုင်တန်းလွှာအား ပယ်ချခြင်းကို မကျေနပ်ပါက တိုင်တန်းသူသည် ယင်းသို့ ပယ်ချကြောင်း အကြောင်းကြားစာရပြီးသည့် နေ့မှ တစ်ဆယ့်ငါးရက် အတွင်း—

(၁) ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မီရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ဖြစ်လျှင် သက်ဆိုင်ရာ မြို့နယ်ကော်မီရှင် အဖွဲ့ခွဲသို့လည်းကောင်း၊

(၂) မြို့နယ် ကော်မီရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ဖြစ်လျှင် မြို့နယ်အဆင့်နှင့်စပ်လျဉ်းပါက သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်း ကော်မီရှင်အဖွဲ့ခွဲသို့လည်းကောင်း၊

(ဃ) ပြည်နယ်၊ တိုင်းနှင့် လွှတ်တော် အဆင့်ဖြစ်လျှင် ကော်မီရှင်သို့လည်းကောင်း အယူခံနိုင်သည်၊

(င) ယင်းသို့ သတ်မှတ်သည့် အတိုင်း အယူခံပြီးပါက အယူခံ ခွင့် ကုန်ဆုံးသည်ဟု မှတ်ယူရမည်၊

(စ) ပုဒ်မခွဲ(ဃ)အရ တင်သွင်းသောအယူခံလွှာကို လက်ခံရရှိသောကော်မီရှင်၊ သို့မဟုတ်ကော်မီရှင်အဖွဲ့ခွဲသည် ယင်း အယူခံလွှာကို လက်ခံရရှိပြီးနောက် ဆောလျင်စွာ စုံစမ်း စစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ပေးရမည်၊

(ဆ) အယူခံလွှာကိုလက်ခံစုံစမ်းစစ်ဆေးသောကော်မီရှင်၊ သို့မ ဟုတ် ကော်မီရှင်အဖွဲ့ခွဲသည် ယင်းတိုင်တန်းလွှာနှင့် စပ် လျဉ်း၍ ခိုင်လုံကြောင်း တွေ့ရှိပါက စုံစမ်းစစ်ဆေးခဲ့ သည့် ကော်မီရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်နိုင် သည်။ ဤသို့ပယ်ဖျက်ပြီးနောက် ယင်း တိုင်တန်းလွှာကို ကော်မီရှင်၊ သို့မဟုတ် သက်ဆိုင်ရာ ကော်မီရှင်အဖွဲ့ခွဲ၏ စုံစမ်းတွေ့ရှိချက်များနှင့်အတူ သက်ဆိုင်ရာ တရားသူကြီး အဖွဲ့သို့ လွှဲအပ်ရမည်။

၃၄။ (က) ရပ်ကွက်နှင့် ကျေးရွာအုပ်စုပြည်သူ့ကောင်စီနှင့် မြို့နယ် ပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက်ပွဲများနှင့်စပ်လျဉ်း သည့် တိုင်တန်းလွှာများကို သက်ဆိုင်ရာကော်မီရှင် အဖွဲ့ ခွဲက ခိုင်လုံကြောင်း စုံစမ်းစစ်ဆေးတွေ့ရှိပါက ယင်းတိုင် တန်းလွှာများကို စုံစမ်းတွေ့ရှိချက်များနှင့်အတူ သက် ဆိုင်ရာတရားသူကြီးအဖွဲ့သို့ လွှဲအပ်ရမည်၊

(ခ) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ ရွေးချယ်တင်မြှောက် ပွဲများနှင့်စပ်လျဉ်းသည့် တိုင်တန်းလွှာများကို သက်ဆိုင် ရာမြို့နယ်ကော်မီရှင်အဖွဲ့ခွဲကခိုင်လုံကြောင်းစုံစမ်းစစ်ဆေး တွေ့ရှိပါက သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းကော်

မိရှင်အဖွဲ့ခွဲသို့ ယင်းတိုင်တန်းလွှာများကို စုံစမ်းတွေ့ရှိချက်များနှင့်အတူ တင်ပြရမည်။ ယင်းတိုင်တန်းလွှာနှင့် စုံစမ်းတွေ့ရှိချက်များကို သက်ဆိုင်ရာပြည်နယ်၊ သို့မဟုတ် တိုင်းကော်မိရှင်အဖွဲ့ခွဲက စိစစ်ပြီး မခိုင်လုံသော တိုင်တန်းလွှာများကို ပယ်ချရမည်။ ခိုင်လုံသော တိုင်တန်းလွှာများကို သက်ဆိုင်ရာ တရားသူကြီးအဖွဲ့သို့လွှဲအပ်ခြင်း၊ လွှဲအပ်စေခြင်း ပြုလုပ်ရမည်၊

(ဂ) လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲများနှင့် စပ်လျဉ်းသည့် တိုင်တန်းလွှာများကို သက်ဆိုင်ရာမြို့နယ်ကော်မိရှင်အဖွဲ့ခွဲက ခိုင်လုံကြောင်း စုံစမ်းတွေ့ရှိပါက ကော်မိရှင်သို့ ယင်းတိုင်တန်းလွှာများကို စုံစမ်းတွေ့ရှိချက်များနှင့်အတူ တင်ပြရမည်။ ယင်း တိုင်တန်းလွှာနှင့် စုံစမ်းတွေ့ရှိချက်များကို ကော်မိရှင်က စိစစ်ပြီး မခိုင်လုံသော တိုင်တန်းလွှာများကို ပယ်ချရမည်။ ခိုင်လုံသော တိုင်တန်းလွှာများကို သက်ဆိုင်ရာ တရားသူကြီးအဖွဲ့သို့ လွှဲအပ်ခြင်း၊ လွှဲအပ်စေခြင်းပြုလုပ်ရမည်။

၅၅။ (က) ဤ ဥပဒေအရ သတ်မှတ်ထားသော ကန့်သတ်ရက်ထက် ကျော်လွန်၍ တိုင်တန်းသည့်တိုင်တန်းလွှာများကို ကော်မိရှင်၏ခွင့်ပြုချက်မရပဲ အရေးယူဆောင်ရွက်ခြင်းမပြုရ၊

(ခ) ကော်မိရှင်၏ ခွင့်ပြုချက်ရရှိလျှင် သတ်မှတ်ထားသော ကန့်သတ်ရက်အတွင်း လက်ခံရရှိဘိသကဲ့သို့ မှတ်ယူ၍ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် အညီ အရေးယူဆောင်ရွက်ရမည်။

၅၆။ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ပြစ်မှုများကို ကော်မိရှင်၊ သို့မဟုတ် ကော်မိရှင်အဖွဲ့ခွဲများက စုံစမ်းစစ်ဆေးရာတွင် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ထံမှ လိုအပ်သော အကူအညီများကိုတောင်းခံနိုင်သည်။

# အခန်း (၁၂)

## ဝန်ခံကြေညာချက်နှင့် ပြစ်ဒဏ်များ

၅၇။ ပြည်သူ့ကိုယ်စားလှယ်လောင်းသည် ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိကြောင်း နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသော ဝန်ခံကြေညာချက်ကို ပြုလုပ်ရမည်။

၅၈။ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိကြောင်း ဝန်ခံကြေညာချက်နှင့် စပ်လျဉ်း၍ မှန် မမှန် ပြဿနာပေါ်ပေါက်ပါက ရှိရင်းစွဲဥပဒေနှင့်အညီ အဆုံးအဖြတ် ရယူရမည်။

၅၉။ ဝန်ခံကြေညာချက်ပါအချက်တခုခုကို မမှန်မကန် ဝန်ခံကြေညာထားကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကိုဖြစ်စေ၊ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံစေရမည်။

## အခန်း (၁၃)

### အထွေထွေ

၆၀။ ကော်မီရှင်နှင့် ကော်မီရှင်အဖွဲ့ခွဲများသည် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ လိုအပ်သောအကူအညီများကို နိုင်ငံတော်၏ အဖွဲ့အစည်းများထံမှသော်လည်းကောင်း၊ အခြားအဖွဲ့အစည်း များနှင့် ပုဂ္ဂိုလ်များထံမှသော်လည်းကောင်း ရယူဆောင်ရွက်နိုင်သည်။

၆၁။ ကော်မီရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သောအမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၂။ ၁၉၇၃ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ

ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်များကို ရွေးချယ် တင်မြှောက်နိုင်ရန် လူဦးရေကိုအခြေခံ၍လည်းကောင်း၊ ဒေသကို အခြေခံ၍လည်းကောင်း အောက်ပါအတိုင်း ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သတ်မှတ်ရမည်—

(က) ကချင်ပြည်နယ် .... ၅၁ နယ်
(ခ) ကယားပြည်နယ် .... ၃၀ နယ်
(ဂ) ကရင်ပြည်နယ် .... ၅၅ နယ်
(ဃ) ချင်းပြည်နယ် .... ၃၅ နယ်
(င) စစ်ကိုင်းတိုင်း .... ၈၆ နယ်
(စ) တနင်္သာရီတိုင်း .... ၅၀ နယ်
(ဆ) ပဲခူးတိုင်း .... ၈၈ နယ်
(ဇ) မကွေးတိုင်း .... ၈၂ နယ်
(ဈ) မန္တလေးတိုင်း .... ၉၁ နယ်
(ည) မွန်ပြည်နယ် .... ၆၇ နယ်
(ဋ) ရခိုင်ပြည်နယ် .... ၇၃ နယ်
(ဌ) ရန်ကုန်တိုင်း .... ၈၉ နယ်
(ဍ) ရှမ်းပြည်နယ် .... ၈၆ နယ်
(ဎ) ဧရာဝတီတိုင်း .... ၉၃ နယ်

# မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များ

မြို့နယ်ပြည်သူ့ကောင်စီဝင်များကို ရွေးချယ် တင်မြှောက်နိုင်ရန် လူဦးရေကို အခြေခံ၍လည်းကောင်း၊ ဒေသကိုအခြေခံ၍ လည်းကောင်း အောက်ပါအတိုင်း မြို့နယ်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်များကို သတ်မှတ်ရမည်—

## (က) ကချင်ပြည်နယ်

| | | | |
|---|---|---|---|
| ၁။ | ကာမိုင်း | .... | ၃၈ နယ် |
| ၂။ | ချီဖွေ | .... | ၄၅ နယ် |
| ၃။ | ခေါင်ဘူဒဲ | .. | ၃၁ နယ် |
| ၄။ | ဆော့လော် | .... | ၂၆ နယ် |
| ၅။ | ဆွမ်ပရာဘွမ် | .... | ၄၃ နယ် |
| ၆။ | တနိုင်း | .... | ၂၆ နယ် |
| ၇။ | နောင်မွန်း | .... | ၂၁ နယ် |
| ၈။ | ပူတာအို | .... | ၄၂ နယ် |
| ၉။ | ဗန်းမော် | .... | ၇၅ နယ် |
| ၁၀။ | မြစ်ကြီးနား | .... | ၉၂ နယ် |
| ၁၁။ | မိုးကောင်း | .... | ၆၉ နယ် |
| ၁၂။ | မိုးညှင်း | .... | ၇၉ နယ် |
| ၁၃။ | မိုးမောက် | .... | ၆၉ နယ် |
| ၁၄။ | မံစီ | .... | ၄၉ နယ် |
| ၁၅။ | မချမ်းဘော | .... | ၃၂ နယ် |
| ၁၆။ | ရွှေကူ | .... | ၅၃ နယ် |
| ၁၇။ | ဖိုင်းမော် | .... | ၆၇ နယ် |
| ၁၈။ | အင်ဂျုန်းယန် | .... | ၆၇ နယ် |

(ခ) ကယားပြည်နယ်

၁။ ဒီမောဆိုး .... ၄၀ နယ်
၂။ ဖရူးဆိုး .... ၃၃ နယ်
၃။ ဖါဆောင်း .... ၃၀ နယ်
၄။ ဘော်လခဲ .... ၁၉ နယ်
၅။ ရှားတော .... ၂၈ နယ်
၆။ လွိုင်ကော် .... ၅၁ နယ်

(ဂ) ကရင်ပြည်နယ်

၁။ ကော့ကရိတ် .... ၈၄ နယ်
၂။ ကြာအင်းဆိပ်ကြီး .... ၈၆ နယ်
၃။ ဖါပွန် .... ၆၉ နယ်
၄။ ဘားအံ .... ၁၀၇ နယ်
၅။ မြဝတီ .... ၄၄ နယ်
၆။ လှိုင်းဘွဲ .... ၉၂ နယ်
၇။ သံတောင် .... ၆၉ နယ်

(ဃ) ချင်းပြည်နယ်

၁။ ကန်ပက်လက် .... ၂၉ နယ်
၂။ တွန်းဇံ .... ၃၆ နယ်
၃။ တီးတိန် .... ၆၈ နယ်
၄။ ထန်တလန် .... ၄၆ နယ်
၅။ ပလက်ဝ .... ၁၀၁ နယ်
၆။ ဖလမ်း .... ၉၆ နယ်
၇။ မတူပီ .... ၇၁ နယ်
၈။ မင်းတပ် .... ၅၃ နယ်
၉။ ဟားခါး .... ၄၁ နယ်

၂၂၂ နယ်

## (င) စစ်ကိုင်းတိုင်း

| | | | |
|---|---|---|---|
| ၁။ | ကနီ | .... | ၆၆ နယ် |
| ၂။ | ကလေး | .... | ၈၇ နယ် |
| ၃။ | ကလေးဝ | .... | ၄၉ နယ် |
| ၄။ | ကသာ | .... | ၆၈ နယ် |
| ၅။ | ကောလင်း | .... | ၆၃ နယ် |
| ၆။ | ကန့်ဘလူ | .... | ၁၀၆ နယ် |
| ၇။ | ကျွန်းလှ | .... | ၄၆ နယ် |
| ၈။ | ခင်ဦး | .... | ၇၉ နယ် |
| ၉။ | ချောင်းဦး | .... | ၅၈ နယ် |
| ၁၀။ | ခန္တီး | .... | ၄၂ နယ် |
| ၁၁။ | ငါန်းဇွန် | .... | ၇၈ နယ် |
| ၁၂။ | စစ်ကိုင်း | .... | ၁၀၅ နယ် |
| ၁၃။ | ဆားလင်းကြီး | .... | ၆၆ နယ် |
| ၁၄။ | တမူး | .... | ၄၇ နယ် |
| ၁၅။ | တန့်ဆည် | .... | ၇၄ နယ် |
| ၁၆။ | ထီးချိုင့် | .... | ၅၂ နယ် |
| ၁၇။ | ဒီပဲယင်း | .... | ၇၉ နယ် |
| ၁၈။ | နန်းယွန်း | .... | ၅၂ နယ် |
| ၁၉။ | ပုလဲ | .... | ၇၅ နယ် |
| ၂၀။ | ပင်လည်ဘူး | .... | ၆၉ နယ် |
| ၂၁။ | ဖောင်းပြင် | .... | ၅၅ နယ် |
| ၂၂။ | ဗန်းမောက် | .... | ၅၇ နယ် |
| ၂၃။ | ဘုတလင် | .... | ၇၄ နယ် |
| ၂၄။ | မုံရွာ | .... | ၉၇ နယ် |

၂၅။ မင်းကင်း .... ၆၇ နယ်
၂၆။ မြင်းမူ .... ၆၉ နယ်
၂၇။ မြောင် .... ၇၃ နယ်
၂၈။ မော်လိုက် .... ၄၄ နယ်
၂၉။ ယင်းမာပင် .... ၆၉ နယ်
၃၀။ ရေဦး .... ၇၈ နယ်
၃၁။ ရွှေဘို .... ၁၀၅ နယ်
၃၂။ လဟယ် .... ၄၅ နယ်
၃၃။ လေရှီး .... ၂၈ နယ်
၃၄။ ဝက်လက် .... ၈၉ နယ်
၃၅။ ဝန်းသို .... ၄၉ နယ်
၃၆။ ဟုမ္မလင်း .... ၉၁ နယ်
၃၇။ အရာတော် .... ၇၄ နယ်
၃၈။ အင်းတော် .... ၆၁ နယ်

(ဝ) တနင်္သာရီတိုင်း

၁။ ကော့သောင်း .... ၃၈ နယ်
၂။ တနင်္သာရီ .... ၅၂ နယ်
၃။ ထားဝယ် .... ၇၃ နယ်
၄။ ပုလော .... ၆၈ နယ်
၅။ ဘုတ်ပြင်း .... ၄၁ နယ်
၆။ မြိတ် အရှေ့ .... ၈၀ နယ်
၇။ မြိတ် အနောက် .... ၆၀ နယ်
၈။ ရေဖြူ .... ၆၄ နယ်
၉။ လောင်းလုံ .... ၇၆ နယ်
၁၀။ သရက်ချောင်း .... ၇၀ နယ်

(ဆ) ပဲခူးတိုင်း

| | | | |
|---|---|---|---|
| ၁။ | ကဝ | .... | ၁၁၁ နယ် |
| ၂။ | ကျောက်တံခါး | .... | ၈၃ နယ် |
| ၃။ | ကြို့ပင်ကောက် | .... | ၇၁ နယ် |
| ၄။ | ကျောက်ကြီး | .... | ၇၃ နယ် |
| ၅။ | ဇီးကုန်း | .... | ၅၃ နယ် |
| ၆။ | ညောင်လေးပင် | .... | ၉၀ နယ် |
| ၇။ | တောင်ငူ | .... | ၈၄ နယ် |
| ၈။ | ထန်းတပင် | .... | ၆၀ နယ် |
| ၉။ | ဒိုက်ဦး | .... | ၈၀ နယ် |
| ၁၀။ | နတ္တလင်း | .... | ၉၁ နယ် |
| ၁၁။ | ပဲခူး | .... | ၁၁၉ နယ် |
| ၁၂။ | ပြည် | .... | ၈၉ နယ် |
| ၁၃။ | ပန်းတောင်း | .... | ၇၆ နယ် |
| ၁၄။ | ပေါက်ခေါင်း | .... | ၆၈ နယ် |
| ၁၅။ | ပေါင်းတည် | .... | ၈၀ နယ် |
| ၁၆။ | ဖြူး | .... | ၉၄ နယ် |
| ၁၇။ | မင်းလှ | .... | ၇၉ နယ် |
| ၁၈။ | မိုးညို | .... | ၇၆ နယ် |
| ၁၉။ | ရေတာရှည် | .... | ၈၀ နယ် |
| ၂၀။ | ရွှေကျင် | .... | ၈၀ နယ် |
| ၂၁။ | ရွှေတောင် | .... | ၇၅ နယ် |
| ၂၂။ | လက်ပံတန်း | .... | ၈၁ နယ် |
| ၂၃။ | ဝေါ | .... | ၈၄ နယ် |
| ၂၄။ | သနပ်ပင် | .... | ၈၀ နယ် |

၂၅။ သဲကုန်း .... ၇၉ နယ်
၂၆။ သာယာဝတီ .... ၈၂ နယ်
၂၇။ အုတ်ဖို .... ၇၀ နယ်
၂၈။ အုတ်တွင်း .... ၇၁ နယ်

(ဇ) မကွေးတိုင်း

၁။ ကံမ .... ၆၁ နယ်
၂။ ချောက် .... ၈၀ နယ်
၃။ ဂန့်ဂေါ .... ၈၈ နယ်
၄။ ငဖဲ .... ၄၃ နယ်
၅။ မင်းဘူး (စကု) .... ၉၂ နယ်
၆။ စလင်း .... ၁၁၆ နယ်
၇။ စေတုတ္တရာ .... ၅၂ နယ်
၈။ ဆင်ပေါင်ဝဲ .... ၆၄ နယ်
၉။ ဆိပ်ဖြူ .... ၅၈ နယ်
၁၀။ ဆော .... ၇၀ နယ်
၁၁။ တောင်တွင်းကြီး .... ၉၈ နယ်
၁၂။ ထီးလင်း .... ၇၄ နယ်
၁၃။ နတ်မောက် .... ၈၅ နယ်
၁၄။ ပခုက္ကူ .... ၉၃ နယ်
၁၅။ ပွင့်ဖြူ .... ၈၃ နယ်
၁၆။ ပေါက် .... ၈၉ နယ်
၁၇။ မကွေး .... ၈၉ နယ်
၁၈။ မြို့သစ် .... ၇၉ နယ်
၁၉။ မင်းတုန်း .... ၃၆ နယ်

၂၀။ မင်းလှ .... ၇၉ နယ်
၂၁။ မြိုင် .... ၉၄ နယ်
၂၂။ ရေစကြို .... ၉၇ နယ်
၂၃။ ရေနံချောင်း .... ၇၉ နယ်
၂၄။ သရက် .... ၇၆ နယ်
၂၅။ အောင်လံ .... ၁၁၄ နယ်

(၈) မန္တလေးတိုင်း

၁။ ကျောက်ဆည် .... ၁၀၉ နယ်
၂။ ကျောက်ပန်းတောင်း .... ၁၂၆ နယ်
၃။ စဉ့်ကူး .... ၆၄ နယ်
၄။ စဉ့်ကိုင် .... ၇၃ နယ်
၅။ တံတားဦး .... ၇၈ နယ်
၆။ တပ်ကုန်း .... ၈၄ နယ်
၇။ တောင်သာ .... ၉၄ နယ်
၈။ နွားထိုးကြီး .... ၈၉ နယ်
၉။ ပုဂံ (ညောင်ဦး) .... ၁၀၈ နယ်
၁၀။ ပုသိမ်ကြီး .... ၇၉ နယ်
၁၁။ ပျော်ဘွယ် .... ၉၇ နယ်
၁၂။ ပျော်ဘွယ် .... ၉၂ နယ်
၁၃။ မလှိုင် .... ၇၈ နယ်
၁၄။ မေမြို့ .... ၉၅ နယ်
၁၅။ မိုးကုတ် .... ၇၃ နယ်
၁၆။ မတ္တရာ .... ၁၀၁ နယ်
၁၇။ မိတ္ထီလာ .... ၉၈ နယ်

၁၈။ မန္တလေး အနောက်တောင် .... ၇၉ နယ်
၁၉။ မန္တလေး အနောက်မြောက် .... ၇၇ နယ်
၂၀။ မန္တလေး အရှေ့တောင် .... ၇၇ နယ်
၂၁။ မန္တလေး အရှေ့မြောက် .... ၇၆ နယ်
၂၂။ မြင်းခြံ .... ၉၉ နယ်
၂၃။ မြစ်သား .... ၁၀၂ နယ်
၂၄။ ရမည်းသင်း .... ၈၇ နယ်
၂၅။ လယ်ဝေး .... ၈၇ နယ်
၂၆။ ဝမ်းတွင်း .... ၉၀ နယ်
၂၇။ သပိတ်ကျင်း .... ၄၀ နယ်
၂၈။ သာစည် .... ၁၀၂ နယ်
၂၉။ အမရပူရ .... ၈၄ နယ်

## (ည) မွန်ပြည်နယ်

၁။ ကျိုက်ထို .... ၈၀ နယ်
၂။ ကျိုက်မရော .... ၈၄ နယ်
၃။ ချောင်းဆုံ .... ၈၁ နယ်
၄။ ပေါင် .... ၉၀ နယ်
၅။ ဘီးလင်း .... ၈၆ နယ်
၆။ မုဒုံ .... ၈၆ နယ်
၇။ မော်လမြိုင် .... ၈၈ နယ်
၈။ ရေး .... ၈၂ နယ်
၉။ သထုံ .... ၉၇ နယ်
၁၀။ သံဖြူဇရပ် .... ၇၅ နယ်

(၄) ရခိုင်ပြည်နယ်

၁။ ကျောက်တော် .... ၉၉ နယ်
၂။ ကျောက်ဖြူ .... ၈၃ နယ်
၃။ ဂွ .... ၅၂ နယ်
၄။ စစ်တွေ .... ၈၉ နယ်
၅။ မောင်းတော .... ၁၁၅ နယ်
၆။ မင်းပြား .... ၈၇ နယ်
၇။ မြို့ဟောင်း .... ၁၁၁ နယ်
၈။ မြေပုံ .... ၇၃ နယ်
၉။ မာန်အောင် .... ၅၆ နယ်
၁၀။ တောင်ကုတ် .... ၇၃ နယ်
၁၁။ ပုဏ္ဏားကျွန်း .... ၉၆ နယ်
၁၂။ ပေါက်တော .... ၇၈ နယ်
၁၃။ ဘူးသီးတောင် .... ၁၀၃ နယ်
၁၄။ ရသေ့တောင် .... ၉၇ နယ်
၁၅။ ရမ်းဗြဲ .... ၇၀ နယ်
၁၆။ သံတွဲ .... ၈၃ နယ်
၁၇။ အမ်း .... ၅၈ နယ်

(၅) ရန်ကုန်တိုင်း

၁။ ကမာရွတ် .... ၆၂ နယ်
၂။ ကော့မှူး .... ၇၃ နယ်
၃။ ကျောက်တံတား .... ၄၇ နယ်
၄။ ကျောက်တန်း .... ၇၅ နယ်

၅။ ကြည့်မြင်တိုင် .... ၅၈ နယ်
၆။ ကွမ်းခြံကုန်း .... ၆၆ နယ်
၇။ ကိုကိုးကျွန်း .... ၁၅ နယ်
၈။ ခရမ်း .... ၇၇ နယ်
၉။ စမ်းချောင်း .... ၆၀ နယ်
၁၀။ ဆိပ်ကမ်း .... ၂၀ နယ်
၁၁။ ဆိပ်ကြီး(ခနောင်တို) .... ၂၈ နယ်
၁၂။ တာမွေ .... ၇၆ နယ်
၁၃။ တွံတေး .... ၁၁၁ နယ်
၁၄။ တိုက်ကြီး .... ၉၆ နယ်
၁၅။ တောင်ဥက္ကလာပ .... ၈၂ နယ်
၁၆။ ထန်းတပင် .... ၇၇ နယ်
၁၇။ ဒဂုံ .... ၄၅ နယ်
၁၈။ ဒလ .... ၄၉ နယ်
၁၉။ ဒေါပုံ .... ၄၂ နယ်
၂၀။ ပုဇွန်တောင် .... ၄၂ နယ်
၂၁။ ပန်းဘဲတန်း .... ၄၆ နယ်
၂၂။ ဗဟန်း .... ၆၈ နယ်
၂၃။ ဗိုလ်တထောင် .... ၄၉ နယ်
၂၄။ မရမ်းကုန်း .... ၇၈ နယ်
၂၅။ မင်္ဂလာတောင်ညွန့် .... ၃၄ နယ်
၂၆။ မင်္ဂလာဒုံ .... ၇၆ နယ်
၂၇။ မြောက်ဥက္ကလာပ .... ၈၄ နယ်
၂၈။ မှော်ဘီ .... ၈၅ နယ်
၂၉။ ရန်ကင်း .... ၆၁ နယ်

၃၀။ လသာ .... ၄၃ နယ်
၃၁။ လှိုင် .... ၈၂ နယ်
၃၂။ လှည်းကူး .... ၁၀၁ နယ်
၃၃။ လမ်းမတော် .... ၄၈ နယ်
၃၄။ သာကေတ .... ၈၀ နယ်
၃၅။ သင်္ဃန်းကျွန်း .... ၈၂ နယ်
၃၆။ သုံးခွ .... ၈၈ နယ်
၃၇။ သံလျင် .... ၇၂ နယ်
၃၈။ အလုံ .... ၅၂ နယ်
၃၉။ အင်းစိန် .... ၈၈ နယ်

## (၃) ရှမ်းပြည်နယ်

၁။ ကလော .... ၇၁ နယ်
၂။ ကွန်ဟိန်း .... ၄၇ နယ်
၃။ ကျေးသီး .... ၅၈ နယ်
၄။ ကွတ်ခိုင် .... ၉၇ နယ်
၅။ ကျောက်မဲ .... ၉၅ နယ်
၆။ ကွမ်းလုံ .... ၇၂ နယ်
၇။ ကုန်ကျွန်း .... ၃၇ နယ်
၈။ ကျိုင်းတုံ .... ၈၃ နယ်
၉။ ဆီဆိုင် .... ၆၄ နယ်
၁၀။ ညောင်ရွှေ .... ၇၈ နယ်
၁၁။ တောင်ကြီး .... ၈၁ နယ်
၁၂။ တန့်ယန်း .... ၇၉ နယ်
၁၃။ တာချီလိတ် .... ၅၇ နယ်
၁၄။ နမ့်စန် (တောင်) .... ၅၃ နယ်

၁၅။ နမ့်ဆန်(မြောက်) .... ၅၇ နယ

၁၆။ နမ့်ခမ်း .... ၆၀ နယ်

၁၇။ နောင်ချို .... ၆၃ နယ်

၁၈။ နမ္မတူ .... ၈၁ နယ်

၁၉။ နားဖန် .... ၄၅ နယ်

၂၀။ ပင်းတယ .... ၅၀ နယ်

၂၁။ ပင်လောင်း .... ၇၁ နယ်

၂၂။ ပန်ဝိုင်း .... ၄၇ နယ်

၂၃။ ပန်ယန်း .... ၅၃ နယ်

၂၄။ ဖယ်ခု .... ၅၁ နယ်

၂၅။ မိုးနဲ .... ၃၉ နယ်

၂၆။ ဓောက် .... ၇၂ နယ်

၂၇။ မိုင်းပန် .... ၃၅ နယ်

၂၈။ မိုင်းကိုင် .... ၆၁ နယ်

၂၉။ မိုင်းရှူး .... ၄၄ နယ်

၃၀။ မိုင်းရယ် .... ၄၄ နယ်

၃၁။ မူဆယ် .... ၈၇ နယ်

၃၂။ မိုးမိတ် .... ၅၂ နယ်

၃၃။ မဘိမ်း .... ၃၃ နယ်

၃၄။ မိုင်းမော .... ၆၂ နယ်

၃၅။ မန်ဖန်(မန်မန်ဆိုင်) .... ၅၂ နယ်

၃၆။ မိုင်းပြင်း .... ၆၀ နယ်

၃၇။ မိုင်းယန်း .... ၆၇ နယ်

၃၈။ မိုင်းခတ် .... ၄၂ နယ်

၃၉။ မိုင်းတုံ .... ၃၇ နယ်

| | | | |
|---|---|---|---|
| ၄၀။ | မိုင်းဆတ် | .... | ၅၉ နယ် |
| ၄၁။ | မိုင်းယောင်း | .... | ၇၀ နယ် |
| ၄၂။ | မိုင်းဖြတ် | .... | ၄၁ နယ် |
| ၄၃။ | ရွှာငံ | .... | ၅၁ နယ် |
| ၄၄။ | ရပ်စောက် | .... | ၅၅ နယ် |
| ၄၅။ | လွိုင်လင် | .... | ၆၇ နယ် |
| ၄၆။ | လဲချား | .... | ၄၅ နယ် |
| ၄၇။ | လင်းခေး | .... | ၄၇ နယ် |
| ၄၈။ | လားရှိုး | .... | ၁၁၇ နယ် |
| ၄၉။ | သိန္နီ | .... | ၅၁ နယ် |
| ၅၀။ | သီပေါ | .... | ၈၅ နယ် |
| ၅၁။ | ဟိုပုံး | .... | ၅၇ နယ် |
| ၅၂။ | ဟိုပန် | .... | ၆၆ နယ် |

## (ဓ) ဧရာဝတီတိုင်း

| | | | |
|---|---|---|---|
| ၁။ | ကျောင်းကုန်း | .... | ၈၅ နယ် |
| ၂။ | ကြံခင်း | .... | ၆၄ နယ် |
| ၃။ | ကျုံပျော် | .... | ၁၀၃ နယ် |
| ၄။ | ကျိုက်လတ် | .... | ၁၀၃ နယ် |
| ၅။ | ငပုတော | .... | ၁၀၅ နယ် |
| ၆။ | ဇလွန် | .... | ၉၈ နယ် |
| ၇။ | ညောင်တုန်း | .... | ၇၇ နယ် |
| ၈။ | ဒေးဒရဲ | .... | ၁၀၅ နယ် |
| ၉။ | ဓနုဖြူ | .... | ၈၉ နယ် |
| ၁၀။ | ပန်းတနော် | .... | ၈၀ နယ် |

၁၁။ ပုသိမ် အရှေ့ပိုင်း .... ၉၈ နယ်

၁၂။ ပုသိမ် အနောက်ပိုင်း .... ၁၀၂ နယ်

၁၃။ ဖျာပုံ .... ၈၃ နယ်

၁၄။ ဘိုကလေး .... ၁၁၀ နယ်

၁၅။ မြောင်းမြ .... ၁၃၆ နယ်

၁၆။ မော်လမြိုင်ကျွန်း .... ၁၁၈ နယ်

၁၇။ မအူပင် .... ၁၀၇ နယ်

၁၈။ မြန်အောင် .... ၉၀ နယ်

၁၉။ ရေကြည် .... ၁၁၃ နယ်

၂၀။ လပွတ္တာ .... ၈၅ နယ်

၂၁။ လေးမျက်နှာ .... ၇၂ နယ်

၂၂။ ဝါးခယ်မ .... ၁၄၇ နယ်

၂၃။ သာပေါင်း .... ၈၄ နယ်

၂၄။ ဟင်္သာတ .... ၁၃၇ နယ်

၂၅။ အင်္ဂပူ .... ၉၅ နယ်

၂၆။ အိမ်မဲ .... ၁၀၅ နယ်

## ရပ်ကွက်နှင့်ကျေးရွာအုပ်စုတခုစီတွင် လူဦးရေအလိုက် သတ်မှတ်ပိုင်းခြား ရမည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်

| အမှတ်စဉ် | လူဦးရေ | ရပ်ကွက် / ကျေးရွာအုပ်စုပြည်သူ့ကောင်စီ မဲဆန္ဒနယ် အရေအတွက် |
|---|---|---|
| ၁။ | ၅၀၀ အထိ | ၇ |
| ၂။ | ၅၀၁ မှ ၁၀၀၀ | ၈ |
| ၃။ | ၁၀၀၁ မှ ၁၅၀၀ | ၉ |
| ၄။ | ၁၅၀၁ မှ ၂၀၀၀ | ၁၀ |
| ၅။ | ၂၀၀၁ မှ ၃၀၀၀ | ၁၁ |
| ၆။ | ၃၀၀၁ မှ ၄၀၀၀ | ၁၂ |
| ၇။ | ၄၀၀၁ မှ ၅၀၀၀ | ၁၃ |
| ၈။ | ၅၀၀၁ မှ ၆၀၀၀ | ၁၄ |
| ၉။ | ၆၀၀၁ မှ ၈၀၀၀ | ၁၅ |
| ၁၀။ | ၈၀၀၁ မှ ၁၀၀၀၀ | ၁၆ |
| ၁၁။ | ၁၀၀၀၁ မှ ၁၂၅၀၀ | ၁၇ |
| ၁၂။ | ၁၂၅၀၁ မှ ၁၅၀၀၀ | ၁၈ |
| ၁၃။ | ၁၅၀၀၁ မှ ၁၇၅၀၀ | ၁၉ |
| ၁၄။ | ၁၇၅၀၁ မှ အထက် | ၂၀ |